တတိယအကြိမ် လွတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာ စားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် လွတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ၊ ဧမ္မူသီရိဆောင် ထမင်းစားခန်းမကြီး B ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုလွတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုလွတ်တော်နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြပြီး ညစာမသုံး ဆောင်မိနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စုလွတ်တော်နာယက က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)